## လူ့အဖွဲ့အစည်းပါဝင်မှုနှင့် သဘောထားရယူမှု

ဒေသခံတိုင်းရင်းသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသော မွေးရာပါအခွင့်အရေးတစ်ခုဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခွင့်အရေးကိုရရှိရန်အတွက် လွတ်လပ်သောကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းနှင့် သက်ဆိုင်သောအခွင့်အရေးကို မဖြစ်မနေ ရရှိရန် လိုအပ်ပါသည်။

ရပ်ကျေးဒေသအဆင့်တွင် အက်(ဖ)ဖီအိုင်စီ **(FPIC)** ၏ မူဝါဒများကို ပြင်ပ ပယောဂကင်းသော ရိုးရာဓလေ့အခြေပြု ဥပဒေများနှင့် ကျင့်သုံးမှုကို အသိအမှတ်ပြုသော ဒေသတွင်း ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်စဉ်အဖြစ် သိမှတ်ထားကြသည်။

သစ်တောကိုအမှီပြုနေထိုင်သော ဒေသခံများနှင့် ဌာနေတိုင်းရင်းသားများသည် မိမိတို့ဘိုးဘေးစဉ်ဆက်နေထိုင်လာခဲ့သော မြေယာများပေါ်တွင် တည်ဆောက်မည်၊ မည်သည့် စီမံကိန်းကိုမဆို သဘောတူ၊ လက်ခံ(သို့) ငြင်းပယ်ခြင်းနှင့် သက်ဆိုင်သော အခွင့်အရေးအားလုံး မိမိတို့တွင် ရှိနေသည်ဟု သိကိုသိထားရမည်။

သင့်အနေဖြင့် ဘိုးဘေးစဉ်ဆက်မြေပေါ်တွင် သတ္တုတူးဖော်ခြင်း၊ ငါးပုဇွန်မွေးမြူခြင်း၊ ရေကာတာ တည်ဆောက်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် **REDD+** ရက်(ဒ်)အပေါင်း စီမံကိန်း အကောင်အထည်ဖော်ခြင်း၊ သစ်တော နှင့် စိုက်ပျိုးရေးစီမံကိန်းများကို လက်ခံသဘောတူလိုက်ခြင်းအားဖြင့်အဆိုပါမြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်သော အခွင့်အရေး တစ်စိတ်တစ်ဒေသ(သို့) အပြည့်အဝကို သင်ပေးလိုက်ရခြင်းပင် ဖြစ်ပေသည်။

သင့်အနေဖြင့် ဒေသခံလူမှုအဖွဲ့အစည်းအပေါ်တွင် သက်ရောက်နိုင်သည့် လူမှု၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များကို မသိ၊ နားမလည်ဘဲ စီမံကိန်းနှင့် သက်ဆိုင်သော သဘောတူစာချုပ်များကို လက်မှတ်မထိုးခင် အက်(ဖ)ဖီအိုင်စီ **(FPIC)**ကို ကြိုတင် နားလည်သိထားရန် အထူးအရေး တကြီး လိုအပ်ပါသည်။



မြေရှင်များနှင့် ဆီလျော်စွာ တိုင်ပင်ဆွေးနွေးခြင်း



## ကျွာထောက်နောက်ခံ အမှီအခို ကင်းသော ဥပဒေအကြံပေးများကို ရှာဖွေပါ

စီမံကိန်းကို အကောင်အထည်ဖော်သူ (ကုမ္ပဏီ) များနှင့် ညှိနှိုင်းတိုင်ပင်ရန် တခါတရံ ခက်ခဲပြီး ရှုတ်ထွေးတတ်ပါသည်။ ကုမ္ပဏီများသည် ဒေသခံလူအဖွဲ့အစည်းများ၏ ပါဝင်ပူးပေါင်းမှုကို ရှောင်တတ်ပြီး ငွေကြေးကို အသုံးပြုပြီး မြို့ပေါ်မှ ရှေ့နေကြီးများကို ခေါ်ယူအသုံးပြုတတ်ကြသည်။

စီမံကိန်းကြီးများ၏ အကျိုးအမြတ်(သို့) ထိခိုက်မှုများသည် ကျယ်ပြန့်ရှုတ်ထွေးပါသည်။ ထို့ကြောင့် သင်နှင့် သင်၏ဒေသအကျိုးကို ကာကွယ်ရန် ဥပဒေပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များကို ရှာဖွေပြီး စီမံကိန်း၏ အကျိုးဆက်များကို ပိုမိုနားလည်လာအောင် လုပ်ဆောင်ရန် သင့်ထံတွင် အခွင့်အရေးရှိပါသည်။



ကိုယ်ပိုင်တရားဝင်အကြံပြုခြင်းကို တောင်းခံပါ

### ဘယ်လိုစီမံကိန်းတွေမှာ FPIC အခွင့်အရေး သင့်ထံမှာရှိသလဲ။

၁။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ။ **REDD** စီမံကိန်းများ
၂။ ဆည်မြောင်းတာတမံ။ရေအားလျှပ်စစ်စီမံကိန်းများ
၃။ သစ်တော။သစ်ထုတ်လုပ်ရေးစီမံကိန်းများ
၄။ သီးနှံသစ်တော ရောနှောစိုက်ခင်းများနှင့် စိုက်ပျိုးရေးစီမံကိန်းများ
၅။ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းများ
၆။ သတ္တုတူးဖော်ခြင်း။ ရေနံသဘာဝဓာတ်ငွေ့စီမံကိန်းများ
၇။ လမ်းတံတား။ အခြေခံလူမှုအဆောက်အအုံစီမံကိန်းများ
၈။ ငါးပုဇွန်။ အဏ္ဏဝါအပန်းဖြေ စီမံကိန်းများ နှင့် အခြားစီမံကိန်းများ

အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

**POINT** (Promotion of Indigenous and Nature Together)
ပွိုင့် ( ရိုးရာဝန်းကျင် မြှင့်တင်ရေး အဖွဲ့ )

အမှတ် (၁၁၀၂)၊ ဦးအောင်ကျော်လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။
ဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄ ၊ ၀၉-၄၅၀ ၀၀၅ ၃၉၅
အီးမေးလ် - **point.org.mm@gmail.com**
အင်တာနက် လိပ်စာ - **www.pointmyanmar.org**



# လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှု နှင့် လူထုသဘောထားရယူခြင်း (FPIC)

## REDD+

"စီမံကိန်းဆိုင်ရာ ရှုထောင့်မှ စဉ်းစားခြင်း "

ရက်(ဒ်) အပေါင်း

AIPP
IWGIA
POINT
Promotion Of Indigenous and Nature Together
Danish International Development Agency
DANIDA

# " လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း (FPIC)"

## အက်(ဖ)ပီအိုင်စီ (FPIC) ဆိုတာဘာလဲ။

ဒေသခံတိုင်းရင်းသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် ပြဌာန်းထားသော မွေးရာပါအခွင့်အရေးတစ်ခုဖြစ်သည့်ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာ အခွင့်အရေးကို ရရှိရန်အတွက် လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းနှင့် သက်ဆိုင်သောအခွင့်အရေးကို မဖြစ်မနေ ရရှိရန်လိုအပ်ပါသည်။

<u>လွတ်လပ်စွာ</u> - ငွေကြေးအမြောက်အများနှင့် လာဘ်ထိုးခြင်း(သို့) စစ်ဆင်ကာ သိမ်းပိုက်ခြင်းအပါအဝင် ပြင်ပမှ ဖိအားပေးခြင်း(အပြန်အလှန်သဘောတူညီမှုမရှိဘဲ)နှင့် ပြင်ပမှ ခြိမ်းခြောက်မှုများ လွတ်ကင်း၊ ကင်းရှင်းခြင်းကို ဆိုလိုပါသည်။

<u>ကြိုတင်ပြီး</u> - စီမံကိန်းမစတင်ခင်တွင် ပြင်ပဖိအားများမပါဘဲ အချက်အလက်စုဆောင်းရန်နှင့် ဆွေးနွေးတိုင်ပင်မှုများအတွက် လုံလောက်သောအချိန်အတိုင်းအတာကို ဆိုလိုပါသည်။

<u>အသိပေးတိုင်ပင်ကာ</u> - ခေါင်းဆောင်ကြီးများ၊ ဒေသခံလူ့အဖွဲ့အစည်းများနှင့် အခြားသော ပါဝင်ပတ်သက်သူများ၏ အမြင်အာဘော်နှင့် ရှုထောင့်များကို စုံလင်စွာ သုံးသပ်ထားသော သိသင့်သိထိုက်သည့် သတင်းအချက်အလက်များအားလုံးကို သိရှိခြင်း၊ လက်ဝယ်ရှိခြင်း တို့ကို ဆိုလိုပါသည်။

<u>သဘောတူညီမှုရယူခြင်း</u> - ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့အစည်းနှင့် ဒေသခံတိုင်းရင်းသားများအကြားတွင်ရှိသော ရှင်းလင်းပြတ်သားသည့် သဘောတူညီမှုကို သက်သေဖော်ပြမှုသဘောတရားဖြစ်သည်။



မြေယာပိုင်ရှင်များအကြား ဆွေးနွေးတိုင်ပင်ခြင်း





ဒေသခံများအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်သူများနှင့် ညှိနှိုင်းမှုများ လုပ်ကို လုပ်ရမည်။

## အက်(ဖ)ပီအိုင်စီ (FPIC) ၏အရေးပါမှု။

အောက်ပါအရေးကြီးသော အခွင့်အရေးများကို FPIC ဖြစ်စဉ်တွင် အသိအမှတ်ပြုထားပါသည်။

- လူတိုင်းဖွံ့ဖြိုးတိုးတက်ခွင့် အခွင့်အရေးများ။
- ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် လူ့အခွင့်အရေးဆိုင်ရာ အခွင့်အရေးများ။
- ရိုးရာမြေယာသတ်မှတ်ခြင်းနှင့် ဒေသခံထိန်းချုပ်ခွင့်အခွင့်အရေးများ။
- ပဋိပက္ခများကို ဖြေရှင်းခြင်း။
- သဘောတူညီရန် ကြိုတင်စဉ်းစားခွင့်၊ လွတ်လပ်စွာ ပေးခွင့်အတွက် စိတ်ချသေချာစေခြင်း။
- အကောင်အထည်ဖော်မည့် ကုမ္ပဏီများအတွက် ပြတ်သားရှင်းလင်းမှုများကို စီမံပေးခြင်း။

## အက်(ဖ)ပီအိုင်စီ (FPIC) ကို ဘယ်မှာအသိအမှတ်ပြုတာလဲ။

- ရပ်ရွာကျေးလက်အဆင့် မူဝါဒများ - ဥပမာ ဒေသတွင်း၊ အဖွဲ့အတွင်းဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်တွင် ထည့်သွင်းစဉ်းစားခြင်း
- နိုင်ငံအဆင့် မူဝါဒများ- ဥပမာ ၎င်းတို့၏ သဘောထားကို ဆွေးနွေးတိုင်ပင်ရန် ဌာနေတိုင်းရင်းသား (သို့) ဒေသခံများတွင် အခွင့်အရေးရှိခြင်း
- နိုင်ငံတကာအဆင့် မူဝါဒများ - ဥပမာ ဒေသခံနှင့် ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရွေးချယ်ပိုင်ခွင့်ရှိခြင်း



## အက်(ဖ)ပီအိုင်စီ FPIC ဖြစ်စဉ်



၁။ ဘယ်သူ(ကုမ္ပဏီ)က စီမံကိန်းကို အကောင်အထည်ဖော်မှာလဲ ဆိုတာကို ရှာဖွေဖော်ထုတ်ပါ



၂။ သင့်ရဲ့ ရပ်ရွာလူထုတွေနဲ့ ဆွေးနွေးပွဲတွေကို ကျင်းပပါ။



၃။ ရပ်ရွာလူထုတစ်ရပ်လုံးအနေဖြင့် နောက်ဆုံးဆုံးဖြတ်ချက်ချမှတ်ပါ။



၄။ စီမံကိန်းအကောင်အထည်ဖော်မည့်သူ(ကုမ္ပဏီ)များနှင့် ဆက်သွယ်ဆက်ဆံရေးကို ဆက်ပြီး ထိန်းသိမ်းထားပါ။